မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

June 24, 2025 | Volume 91, Number 17

၂၄.၆.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၇.၂၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၉.၅၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၅၂.၅၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၇.၀၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၅၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၂၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၄.၇၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၁၉ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်တွင်းစိုက်ပျိုးသော ပေါ်ဦးပေါ်ဖျား ရာသီစာ ပိန္နဲသီးများ ဈေးကွက်ကောင်းမွန်လျက်ရှိ



မြန်မာနိုင်ငံအတွင်းအစေ့စိုက်ပျိုး၍ စိုက်ပျိုးသော ပိန္နဲပင်များမှ ထွက်ရှိသော အသီးများမှာ မန္တလေးဈေးကွက်အတွင်း အရောင်း အဝယ်ကောင်းမွန်လျက်ရှိကြောင်း စိုက်ပျိုးသူများထံက သိရသည်။

ဇွန်နှင့်ဇူလိုင်လအတွင်းတွင် လှိုင်လှိုင်ပေါ်လေ့ရှိပြီး အရောင်းအဝယ်မှာလည်း သွက်လက်လျက်ရှိကြောင်း ၊ပိန္နဲပင်များအကိုင်းကို မြေထုတ်ဆွဲနည်းဖြင့် စိုက်ပျိုးခြင်းနှင့် အစေ့ကိုစိုက်ပျိုး၍ စိုက်ပျိုးခြင်းများဖြင့် စိုက်ပျိုးကြပြီး အသီးအရွယ်အစားပေါ် မူတည်ကာ ဈေးနှုန်းကွာခြားမှုရှိကြောင်း သိရသည်။

“ ဒီအချိန်ကလှိုင်လှိုင်ပေါ်တဲ့အချိန်ဖြစ်တယ်။ ကြိုက်နှစ်သက်တဲ့သူလည်းများတဲ့အတွက်အရောင်းအဝယ်တော်တော်လေးကောင်းပါတယ်။အသီးအရွယ်အစားပေါ် မူတည်ပြီးဈေးနှုန်း ကျပ် ၉၀၀၀-၁၀,၀၀၀ ကနေ ကျပ် ၃၀,၀၀၀ လောက်ထိ ဈေးနှုန်းရှိတယ်။ ဒီနှစ်ကဈေးနှုန်းကလည်းအဆင်ပြေတဲ့အတွက်စိုက်ပျိုးသူတွေတွက်ချေကိုက်ကြ ပါတယ်” ဟု ပိန္နဲစိုက်ပျိုးသူတစ်ဦး က ပြောသည်။

ပိန္နဲသီးအားမမှည့်မီတွင် ဟင်းအဖြစ်ချက်စားခြင်း၊အတို့အမြှုပ်ပြုလုပ်၍ စားသုံးခြင်းနှင့် ပိန္နဲသီးအမှည့်စားသုံးခြင်းများကိုပြုလုပ်ကြကြောင်း၊ပိန္နဲသီးစားသုံးခြင်းကြောင့် လေဖြတ်ခြင်း၊ သွေးကြောကျဉ်းခြင်း၊ အူမကြီးကင်ဆာနှင့်နှလုံးရပ်ခြင်းရောဂါများ၊ အရိုးကိုသန်မာစေခြင်းနှင့်ဆီးချိုရောဂါဖြစ်နိုင်ချေကိုလည်းနည်းပါးစေကြောင်း မြန်မာ့ဆေးကျမ်း

များ တွင် ဖော်ပြထားသည်။

လက်ရှိတွင်ပိန္နဲသီးအားတစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းကိုအများဆုံးပြုလုပ်ကြပြီး၊စီးပွားဖြစ်စိုက်ပျိုးမှုမှာနည်းပါးနေသေးကြောင်း၊ ပိန္နဲပင်မှာ နှစ်ရှည်သီးနှံဖြစ်သည့်အပြင် စိုက်ပျိုးသူများအတွက် အဆင်ပြေသည့် သီးနှံအမျိုးအစားဖြစ်သောကြောင့် စိုက်ပျိုးသင့်သော သီးနှံအမျိုးအစားတစ်ခုဖြစ်ကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၆-၆-၂၀၂၅ မှ ၂၀-၆-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၉၅၈,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၂၈၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၇၁၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၅၃,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၅၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၇၆,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၆၀ လုံး (တန်ချိန် ၁၄၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၉၀ လုံး (တန်ချိန် ၂၁၆၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိ ရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး( တစ်ပိဿာ )ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၈,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၁၅,၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်းငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ကုန်စည်ဒိုင်သို့ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၂၆၀၀ (၅၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၅၀ (၂၂၅၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၈၀၀ (၃၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၈၀၀(၁၆,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ပြီး ငရုတ်ပုအိတ်ပေါင်း ၁၅၀ (၂၂၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၅၅၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများ မှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၅၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၀၀၊ ပခုက္ကူကြမ်း ကျပ် ၅၆၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၇၂၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပခုက္ကူကြမ်း ကျပ် ၁၀၀ နှင့် ရေစကြို ထန်းလျက်(ချော) ကျပ် ၂၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၆-၆-၂၀၂၅ မှ ၂၀-၆-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၅၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၃၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၈၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၄၀၀ ၊ မုံရွာ လတ်ကြီး ကျပ် ၁၂၅၀ ၊ မုံရွာလတ်သန့် ကျပ် ၁၂၀၀ နှင့် မုံရွာလတ်ချော ကျပ် ၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၀၀ ၊ မုံရွာ လတ်ကြီး ကျပ် ၂၅၀ ၊ မုံရွာ လတ်သန့် ကျပ် ၁၅၀ နှင့် မုံရွာလတ်ချော ကျပ် ၂၅၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင် အပတ်က ကားစီးရေ ၁၇၀ စီး (၁,၀၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၇ စီး (၅၈၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက်ကားစီးရေ ၇၃ စီး (၄၃၈,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၉၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၅၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၆၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ယခင်အပတ်ကကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၄၀၀၀ (၁၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၃၇၀၀ (၁၁၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၃၀၀ (၉,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဟဲဟိုးမြို့ နှင့်တရုတ်မှ အာလူးများနေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ ဟဲဟိုး A1 ကျပ် ၂၆၀၀၊ ဟဲဟိုး Ok ကျပ် ၃၀၀၀ ၊ ဟဲဟိုး S1 ကျပ် ၃၀၀၀၊ ဟဲဟိုး S2 ကျပ် ၂၈၀၀ နှင့် တရုတ်အာလူး ကျပ် ၃၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အာလူးများဈေး ငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူး ဝင်ရောက်မှုမှာယခင်အပတ်က ကားစီးရေ ၄၂ စီး (၂၅၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် ကားစီးရေ၄၇ စီး (၂၈၂,၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက်ကားစီး ရေ ၅ စီး (၃၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရှမ်းကြက်သွန်ဖြူ ဈေးနှုန်းဈေးကွက်



၂၀၂၅ ခုနှစ်၊ ရှမ်းပြည်နယ်( တောင်ပိုင်း)၊ တောင်ကြီးမြို့နယ် ဈေးကွက်အတွင်း ကြက်သွန်ဖြူ ရောင်းဝယ်မှုအနေဖြင့် ကြက်သွန်ဖြူအား လတ်ခြား ထူး-၁၊ ထူး-၂၊ ထူး-၃၊ ထူး-၄၊ ထူး-၅၊ ထူးလွန်လိုအဆင့်ခွဲပြီး ဈေးကွက်မှာရောင်းဝယ်လျက်ရှိပါတယ်။ လတ်ခြား ထူး-၁၊ ထူး-၂ ကိုဆိုရင် ဒေသတွင်းမှာ အရောင်းအဝယ်လုပ်ပြီး ဇွန်လတတိယပတ်အတွင်း ကြက်သွန်ဖြူတစ်ပိဿာလျှင် ဒေသပေါက်ဈေးမှာ (လတ်ခြား) ကျပ် ၂၆၀၀၊ (ထူး-၁) ကျပ် ၃၀၀၀၊ (ထူး-၂) ကျပ် ၃၃၀၀၊ (ထူး-၃) ကျပ် ၄၀၀၀၊ (ထူး-၄) ကျပ် ၄၅၀၀၊ (ထူး-၅)

ကျပ် ၅၅၀၀၊ (ထူးလွန်) ကျပ် ၆၀၀၀ ရှိကြောင်း သိရပါတယ်။

ရှမ်းကြက်သွန်ဖြူတစ်ပိဿာလျှင် ပွဲရုံဈေးမှာ(လတ်ခြား) ကျပ် ၂၉၀၀၊ (ထူး-၁) ကျပ် ၃၃၀၀၊ (ထူး-၂) ကျပ် ၃၆၀၀၊ (ထူး-၃) ကျပ် ၄၃၀၀၊ (ထူး-၄) ကျပ် ၄၈၀၀၊ (ထူး-၅) ကျပ် ၅၈၀၀၊ (ထူးလွန်) ကျပ် ၆၃၀၀ ရှိကြောင်း သိရပါတယ်။

ထွက်ရှိသော ရှမ်းကြက်သွန်ဖြူကို အောင်ပန်းမြို့မှ တစ်ဆင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် မြန်မာပြည်အနှံ့အပြား တွင် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : DOCA(ရှမ်း)**

https://www.doca.gov.mm/

## ကျိုင်းတုံမြို့ နှံ့စပါးဈေးကွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ကျိုင်းတုံမြို့သည်စိုက်ပျိုးရေး ကိုအဓိကထားစိုက်ပျိုးလုပ်ကိုင်သည့် မြို့တစ်မြို့ ဖြစ်သည်။



ကျိုင်းတုံမြို့သည် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည်။ ရာသီအလိုက်သီးနှံမျိုးစုံ စိုက်ပျိုးကြသော်လည်း အဓိကအားဖြင့်မိုးစပါး၊ နှံ့စပါးများကို အလေးထား စိုက်ပျိုးကြကြောင်း သိရသည်။

ကျိုင်းတုံမြို့နယ်အတွင်း နှံ့စပါးအဖြစ် ရွှေရင်အေးစပါးမျိုးကို စိုက်ပျိုးကာ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ၅၉၂၇ စိုက်ပျိုးခဲ့သည်။ နှံ့စပါး ၅၉၂၇ ဧကကိုလည်း မေလမှစတင်၍ ယခင်လအထိ ၅၉၂၇ ဧက ရိတ်သိမ်းပြီးစီးခဲ့ကြောင်း သိရသည်။


ယခုနှစ် နှံ့စပါးတစ်ဧက၏ ကုန်ကျစရိတ်မှာ သွင်းအားစုအနေဖြင့် မျိုးစပါးပျိုးထောင်သည့်နေ့မှစ၍ မြေပြုပြင်ခြင်း၊ ထယ်ထိုးခြင်း၊ ထွန်မွှေခြင်း၊ ဘောင်ဖော်ခြင်း၊ ပျိုးနုတ်ခြင်း၊ စိုက်ခြင်း၊ အပင်ပြုစုခြင်း၊ ရိတ်သိမ်းခြင်း၊ အထွေထွေသွင်းအားစု စုစုပေါင်း (ဆယ်သိန်း) ကျပ် ကုန်ကျကြောင်း တောင်သူကြီးများထံမှ သိရှိရပါသည်။

ယခု ၂၀၂၅ ခုနှစ်တွင် နှံ့စပါး တစ်ဧက အထွက်နှုန်းမှာ ၈၀ ခန့်ထွက်ရှိကြောင်းသိရသည်။ နှံ့စပါး ၄၆ ပေါင် တစ်တင်းလျှင် ၁၇,၅၀၀ ကျပ်၊ ပေါက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး စပါးတင်း ၈၀ ကို ၁၇,၅၀၀ ကျပ် ရောင်းလျှင် တစ်ဧက ၁,၄၀၀,၀၀၀ ခန့် ရရှိကာ တစ်ဧက၏ အထွေထွေကုန်ကျစရိတ် (ဆယ်သိန်းနုတ်လျှင်) နှံ့စပါးစိုက်တောင်သူကြီးများအနေဖြင့် လယ်တစ်ဧကကို (လေးသိန်း) ကျပ်ခန့် အမြတ်အစွန်းရရှိနေကြောင်း သိရသည်။

Source : DOCA(ရှမ်း)

https://www.doca.gov.mm/

## အားကောင်းလာသော ပင်လယ်ရေကြောင်းဆိုင်ရာကုန်သွယ်မှုနှင့် ကမ္ဘာ့စီးပွားရေး




၂၀၂၅ ခုနှစ် ဇွန်လထုတ် UNCTAD “Global Trade Update” အစီရင်ခံစာအရ၊၂၀၂၃ ၌ကမ္ဘာတစ်ဝှန်းလုံးရှိ ပင်လယ်ရေကြောင်းဆိုင်ရာကုန်သွယ်မှုသည် ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံကျော် ရှိခဲ့ပြီး အဆိုပါ ကုန်သွယ်မှုတွင်ဝန်ဆောင်မှုကဏ္ဍဖြစ်သည့် သင်္ဘောပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းတွေက ၆၀ ရာခိုင်နှုန်းခန့် အများဆုံးပါဝင်နေတယ်လို့လည်း ဖော်ပြထားပါတယ်။ အဆိုပါ အခြေအနေသည် ကုန်

ပစ္စည်းတွေထက် ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ စီးပွားရေး ကြီးထွားမှု ကို ပိုမိုအာရုံစိုက်သင့်ကြောင်း ပြသနေခြင်း ဖြစ်ပါတယ်။

ထို့ပြင် သင်္ဘောပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းများ၏ တိုးတက်မှုသည် နိုင်ငံများအကြား ကုန်သွယ်မှုဆက်သွယ်မှုကို ပိုမိုမြှင့်တင်ကာစီးပွားရေးတည်တံ့ခိုင်မြဲမှုနှင့်ကမ္ဘာ့စီးပွားရေးလမ်းကြောင်းများ၏တိုးတက်မှုအတွက်အခိုင်အမာ အခန်းကဏ္ဍတစ်ခုအဖြစ် ရပ်တည်နေသည်ဟု ဆန်းစစ်နိုင်ပါတယ်။

**Source : DOCA(ရောဝတီ)**

https://www.doca.gov.mm/

## ပြည်တွင်း၌သစ်သီးစားသုံးမှုကို မြှင့်တင်ရန်နှင့် ဈေးနှုန်းကို အထောက်အကူပြုရန်ရည်ရွယ်၍ သစ်သီးပွဲတော်ကို ထိုင်းနိုင်ငံ ပြည်တွင်းကုန်သွယ်မှုဦးစီးဌာနက ကြီးမှူးကျင်းပခဲ့

ထိုင်းနိုင်ငံ၌ အရည်အသွေးမီဒူးရင်းသီးများကိုဖြန့်ချိရန်၊ ပြည်တွင်းစားသုံးမှုမြှင့်တင်ရန်နှင့် သစ်သီးဈေးနှုန်းကို အထောက်အကူပြုရန်ရည်ရွယ်၍ ပြည်တွင်းကုန်သွယ်မှုဦးစီးဌာနနှင့် ထိုင်းလတ်ဆတ်သစ်သီးဈေးကွက်အသင်းတို့ ပူးပေါင်း၍ “Thai Fruit Festival 2025 by DIT” ကို ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစီးဌာနသည် သစ်သီးပွဲတော်ကို စမုပရာကန်ရှိ Yes Bang Phil ဈေးနှင့်ပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံ အရှေ့ပိုင်းရှိ သစ်သီးခူးဆွတ်ရာသီအမြင့်ဆုံးအချိန်တွင် သစ်သီးဈေးနှုန်းသည် တည်ငြိမ်နေကြောင်း၊ ဈေးနှုန်းကို ထိန်းထားရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပို့ကုန်မြှင့်တင်နေချိန်တွင် မိမိတို့ဦးစီးဌာနအနေဖြင့်လည်း ပြည်တွင်း စားသုံးမှုကို တွန်းအားပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံအရှေ့ပိုင်းရှိ ဒူးရင်းသီး ၉၆ ရာခိုင်နှုန်း(၈၄၀,၀၀၀ တန်)ကို ခူးဆွတ်ထားပြီးဖြစ်ရာ ၇၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းသည် ပို့ကုန်အတွက်ဖြစ်ပြီး ကျန်ပမာဏကို ပြည်တွင်းစားသုံးရန် အတွက်ဖြစ်ကြောင်း ၊ မင်းကွတ်သီးစုစုပေါင်းထွက်ရှိမှု ၈၀ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်း(၂၁၀,၀၀၀ တန်)ကိုခူးဆွဲခဲ့ပြီး ၉၅ ရာခိုင်နှုန်းခန့်သည် ပို့ကုန်အတွက်ဖြစ်ကြောင်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Goranij Nonejuie က ပြောကြားခဲ့သည်။

ပွဲတော်ကာလအတွင်း အရည်အသွေးမြင့်ဒူးရင်းသီးများကို ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ “Golden minute” အချိန်တွင် တစ်လုံးလျှင် ၉၉ ဘတ်ဖြင့်လည်းကောင်း၊ ၁ ကီလိုဂရမ်လျှင် ၉၉ ဘတ်၊ ၁၃၉ ဘတ်နှင့် ၁၉၉ ဘတ် စသဖြင့်လည်းကောင်း ပြည်သူလူထုအကြိုက် ရွေးချယ်ဝယ်ယူနိုင်ကြောင်း၊ အဆိုပါလှုပ်ရှားမှုမှသစ်သီးများကို နေ့စဉ် တန်ချိန် ၅၀ ကျော်ဖြန့်ချိသွားရန် ရည်မှန်းထားကြောင်း၊ ပွဲတော်ကျင်းပပေးခြင်းကြောင့် စိုက်ပျိုးရေးဒေသမှ သစ်သီးများကို ရရှိရုံသာမက သစ်သီးဈေးနှုန်းတည်ငြိမ်မှုအပြင် စားသုံးသူများအနေဖြင့်လည်း အရည်အသွေးမီ ထိုင်းသစ်သီးများကို ဈေးနှုန်းသင့်တင့်မှုဖြင့် စားသုံးနိုင်ကြောင်း သိရသည်။

**Source: www.bangkokpost.com**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/

## ထိုင်းနိုင်ငံနှင့် အမေရိကန်တို့၏ အခွန်ဆိုင်ရာ ဆွေးနွေးမှုသည် တိုးတက်မှုရှိနေ

ထိုင်းနိုင်ငံနှင့် အမေရိကန်တို့အကြား အခွန်နှုန်းထားနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုသည် တိုးတက်မှုရှိနေပြီး နှစ်ဖက်စလုံးက အခွန်နှုန်းထားကို ၁၀ ရာခိုင်နှုန်းအောက်လျှော့နည်းသဘောတူညီမှုရရှိနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

နှစ်နိုင်ငံအစိုးရအရာရှိများအကြား ညှိနှိုင်းဆွေးနွေးမှုသည် ဗီဒီယိုကွန်ဖရင့်ပုံစံဖြင့်ဖြစ်ပြီး ထိုင်းနိုင်ငံသည် နှစ်နိုင်ငံစီးပွားရေး

ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ရည်ရွယ်သည့်အဆိုပြုလွှာကို တင်ပြခဲ့ကြောင်း၊ ဝန်ကြီးဌာနအဆင့်ဆွေးနွေးမှုအတွက် ရက်မသတ်မှတ်ရသေးပါကြောင်း၊ အသေးစိတ်ဆွေးနွေးမှုနှင့် ထိုင်းပို့ကုန်များအပေါ် အမေရိကန်၏အခွန်ကောက်ခံမှုသည် အဘယ့်ကြောင့် ၃၆ ရာခိုင်နှုန်း အောက်လျော့နည်းရန်ထင်မြင်ထားသည်ကို ထုတ်ဖော်မပြောကြားသေးပါကြောင်း၊ ဆွေးနွေးမှုသည် ယခုရက်သတ္တပတ်တွင် ပိုမိုရှင်းလင်းလာမည်ဖြစ်ပြီး ပြင်ဆင်ထားချက်များအရ ညှိနှိုင်းမှုများသည် အောင်မြင်နိုင်ကြောင်း ဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့သည်။

အမေရိကန်သည်၎င်းနှင့်အခွန်ဆိုင်ရာညှိနှိုင်းရန်ကတိကဝတ်ပြုသသည့်နိုင်ငံများအတွက်သွင်းကုန်တိုးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ စဉ်းစားချိန်ကာလကိုတိုးမြှင့်ရန် သဘောထားရှိသည်ကိုပြသပါကြောင်း၊ မိမိတို့အနေဖြင့် ညှိနှိုင်းလိုသည့်သဘောကို ပြသခဲ့ပြီး သင့်တင့်သောအခွန်နှုန်းထားဖြစ်စေရန် ယုံကြည်ပြီး ထိုင်းနိုင်ငံအတွက် အခွန်ကို ၁၀ ရာခိုင်နှုန်းမှန်းထားပါကြောင်း၊ ယင်းနှုန်းထားသည် ပို့ကုန်စွမ်းဆောင်ရည်ကို ခိုင်မာစေပြီး နိုင်ငံ၏ယှဉ်ပြိုင်မှုကိုလည်း ထိန်းထားပါကြောင်း၊ နိုင်ငံတကာအစည်း အဝေးများတွင် ထိုင်းနိုင်ငံစီးပွားရေးသည် ရှန်းကန်နေရသော်လည်း ဘတ်ငွေခိုင်မာနေမှုအပေါ် မေးခွန်းထုတ်ကြပါကြောင်း၊ ဂျပန်နှင့် ဗီယက်နမ်အပါ အဝင် ယှဉ်ပြိုင်ဖက်နိုင်ငံများ၏ ငွေကြေးများသည် အားနည်းနေပါကြောင်း၊ ထိုင်းဘဏ်ဥက္ကဋ္ဌအသစ် အနေဖြင့် ငွေကြေးပြဿနာကို ဖြေရှင်းလိမ့်မည်ဖြစ်ပြီး ပို့ကုန်များနှင့်ခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်စေရန် ဘတ်ငွေတန်ဖိုးအားနည်းစေရေးဆောင်ရွက်သွားနိုင်ရာ ၁ ဒေါ်လာလျှင် ၃၇ ဘတ်မှ ၃၈ ဘတ်ကြားဖြစ်နိုင်ကြောင်း ဝန်ကြီး Mr. Pichai က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com**

(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

https://myantrade.gov.mm/

## STOCK EXCHANGE (24.6.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

**Stock trading data**

As of 24th Jun. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,439 (Shares) | 12,598,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,600 | -100 | -1.49% | 6,600 | 6,600 | 6,600 | 580 | 3,828,000 | 33,109,694 | 218,524 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 658 | 1,974,000 | 38,929,150 | 116,788 |
| MCB | 00003 | 7,400 | +100 | +1.37% | 7,400 | 7,400 | 7,400 | 60 | 444,000 | 10,400,986 | 76,967 |
| FPB | 00004 | 1,850 | -50 | -2.63% | 1,900 | 1,900 | 1,850 | 917 | 1,702,800 | 29,664,613 | 54,880 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,750 | 2,800 | 2,750 | 240 | 662,000 | 12,823,224 | 35,905 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,600 | 1,650 | 1,600 | 1,510 | 2,423,500 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | -100 | -2.44% | 4,000 | 4,000 | 4,000 | 124 | 496,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,050 | +50 | +1.67% | 3,100 | 3,100 | 3,050 | 350 | 1,068,250 | 23,804,946 | 72,605 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 24th Jun. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 344.41 | -2.11 | -0.61% | 344.94 | 345.73 | 344.41 | 4,439 | 12,598,550 | 8 | 649,623 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 24th Jun. 2025

| Trading Volume | Trading Value |
|---|---|
| 4,439 (Shares) | 12,598,550 (MMK) |

### Main Board

As of 1:00 pm, 24th Jun. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,439 (Shares) | 12,598,550 (MMK) |

| MYANPIX | 344.41 ▼ 2.11 |
|---|---|
| Total Volume (shares) | 4,439 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 649,623 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,600 | ▼ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 100 |
| FPB | 00004 | 1,850 | ▼ 50 |
| TMH | 00005 | 2,800 | ▲ 50 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 4,000 | ▼ 100 |
| MAEX | 00008 | 3,050 | ▲ 50 |

TIR